# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

December 9, 2019 Volume 26, Number 6


**၉.၁၂.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၆၀ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၈၀၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၀၆/- ကျပ် |
| CBM Rate | = ၁၅၀၃.၈ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၆၄.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၀၅.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၇၉.၅ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၈၆.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၂၆.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၃.၅၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၁၄၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၆.၁၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၁.၄၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၆၁၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀

ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org

myantradetir2016@gmail.com


## ကုန်စည်များတွင် မြန်မာဘာသာ (သို့မဟုတ်) အခြားဘာသာတွဲလျက် ဖော်ပြရန်ညွှန်ကြား

ကုန်စည်များတွင် မြန်မာဘာသာ (သို့မဟုတ်) မြန်မာဘာသာနှင့် အခြားဘာသာ တွဲလျက်ဖော်ပြရန် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်က ဒီဇင်ဘာ ပထမပတ်၌ညွှန်ကြားသည်။ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရန် ရည်ရွယ်ပြီး စားသုံးသူကာကွယ်ရေး ဥပဒေပုဒ်မ ၈၃၊ ပုဒ်မခွဲ (ခ) အရ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ညွှန်ကြားချက်ကဆိုသည်။ "လိုက်နာခြင်း မရှိဘူးဆိုရင် ၂၀၂၀ မတ်လ ၁၆ ရက်ကစပြီး အရေးယူမှာ"ဟု စားသုံးသူရေးရာ ဦးစီးဌာနညွှန်ကြားရေးမှူး ဦးရဲထွဋ်နိုင်ကပြောသည်။

စားသုံးသူကာကွယ်ရေး ဥပဒေပုဒ်မ ၄၃ အရ စီးပွားရေးလုပ်ငန်းရှင်သည် ကုန်အညွှန်း အမှတ်အသား ဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ကုန်စည်များတွင် ကုန်အညွှန်း အမှတ်အသားခုနစ်ခုကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာ တစ်ခု (သို့မဟုတ်) တစ်ခုထက်ပို၍ တွဲလျက်ဖြစ်စေ ဖော်ပြရမည် ဖြစ်သည်။ ယင်းသို့ ဖော်ပြရာတွင် ကုန်စည် အမျိုးအမည်၊ အ ရွယ်အစား၊ အရေအတွက်နှင့် အသားတင် ပမာဏ၊ ထားသိုသိမ်းဆည်းမှုအညွှန်း၊ သုံးစွဲပုံနည်းလမ်း၊ ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုး၊ ခာတ်မတည့်ကြောင်း ဖော်ပြချက်နှင့် ကြိုတင်သတိပေးချက်တို့ ပါဝင်ရမည်ဖြစ်သည်။ "စားသုံးသူတွေအတွက် အမှန်တကယ်လိုတဲ့ ကုန်စည်တွေမှာ ညွှန်ကြားချက်က သက်ရောက်ဖို့လိုတယ်"ဟု မြန်မာနိုင်ငံစားသုံးသူများသမဂ္ဂ အတွင်းရေးမှူး ဦးမောင်မောင်က ပြောသည်။

ညွှန်ကြားချက် လိုက်နာမှုမရှိပါက စားသုံးသူကာကွယ်ရေး ဥပဒေပုဒ်မ ၇၃ အရ အရေးယူခံရမည်ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနကဆိုသည်။ ပုဒ်မ ၇၃ အရပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၂ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သိန်း ၂၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားသည်။

**Source:** https://www.7daydaily.com/–173041

## ဘင်္ဂလားဒေ့ရှ်တင်ပို့ရန် ကြက်သွန်နီအဟောင်းများ ရသလောက် ဝယ်ယူမှုကြောင့် လက်ကျန်မရှိပြတ်လပ်

မန္တလေးကြက်သွန်ပွဲရုံများတွင် ဘင်္ဂလားဒေ့ရှ်သို့တင်ပို့ရန် ကြက်သွန်နီအဟောင်း များကို ရသလောက်လိုက်လံဝယ်ယူနေခြင်းကြောင့် ကြက်သွန်နီအဟောင်းများ လက်ကားဈေးကွက်တွင် လက်ကျန်မရှိတော့ဘဲ ပြတ်လပ်နေကြောင်း မန္တလေးမြို့ ၂၉

လမ်း ကောင်းမွန်ပွဲရုံမှ ဦးကိုဦးထံမှသိရသည်။ ဘင်္ဂလားဒေ့ရှ်မှ ကြက်သွန်နီအဟောင်း များ ဝယ်ယူခြင်းဖြစ်ပြီး ရွေးချယ်မှုမရှိဘဲ အရွယ်စုံနီးပါးကို ဩဂုတ်လမှ စတင်ဝယ်ယူခဲ့ရာက လက်ရှိတွင် မြင်းခြံ၊ ပခုက္ကူစသည့် ကြက်သွန်ဈေးကွက်ရှိရာဒေသများတွင် ကြက်သွန်နီအဟောင်းများပြတ်လပ်ပြီး ကြက်သွန်နီအသစ်ဈေးကွက် စတင်နေပြီ ဖြစ်သည်။ ''မန္တလေးမှာရှိတဲ့ ပွဲရုံတွေမှာ ဘင်္ဂလားဒေ့ရှ် ဈေးကွက်အတွက် လိုက်ဝယ်နေကြတာက ကြက်သွန်နီအဟောင်းဖြစ်ရင်ပြီးရောပဲ။ ဈေးကိုလည်း သိပ်မဆစ်တော့ဘူး။ နံပါတ် ၂/၃ အရွယ်လောက်ဆိုရင်တောင် အိတ်တစ်အိတ်ဖြစ်အောင်စုပြီးဝယ်သွားတာ။ မနေ့ညနေ ဥပုသ်နေ့မှာ နှစ်တန်ကားထိုးပြီး လာဝယ်တာ တစ်ဝက်တောင်မရဘူး။ ကြက်သွန်နီ အဟောင်းမရှိတော့ဘူးလေ''ဟု ၎င်းက ပြောသည်။

ကြက်သွန်နီအဟောင်းကို ဘင်္ဂလားဒေ့ရှ်မှ ဈေးကွက်ထိန်းခဲ့သော်လည်း ပြည်တွင်းကြက်သွန်နီဈေးကွက်တွင် တစ်ပိဿာ ကျပ် ၂၈၀၀၊ ၃၂၀၀ အထိ လိုက်လံဝယ်ယူကြကြောင်း၊ မြို့ကြီးများရှိ ပွဲရုံများတွင် လိုသလောက်မရခြင်းနှင့် တောင်သူ ဈေးနှုန်းဖြင့်ဝယ်ယူလိုခြင်းတို့ကြောင့် ကြက်သွန်နီထွက်ရာ ကျေးလက်ဒေသများအထိ အဝယ်ဆင်းမှုများကြောင့် ကြက်သွန်နီ အဟောင်း လက်ကျန်မရှိတော့ကြောင်းသိရသည်။ ''ဒီနှစ်အလုပ်ဖြစ်တာက တောင်သူတွေနဲ့ နယ်ကြက်သွန် ပွဲစား တွေပဲ။ အခုလိုဝယ်မယ်လို့ ဘယ်သူမှမထင်မိဘူး။ ပြည်တွင်းစားသုံးမှုအရဆိုရင် အထွက်နှုန်းကများတော့ ဈေးကွက်ပိုလျှံ တာကြောင့် တစ်ပိဿာကျပ် ၇၀၀၊ ၁၀၀၀ ကြားပဲ။ ကြက်သွန်ဈေးမကောင်းလို့ လက်ထဲမှာ ဒီအတိုင်းသိမ်းထားကြတဲ့ တောင်သူတွေ ဈေးကောင်း ရသွားသလို နယ်တွေဆင်းဝယ်လို့ နယ်ပွဲစားတွေ အလုပ်ဖြစ်တာပေါ့''ဟု ဆက်လက်ပြောသည်။

ကြက်သွန်စိုက်ပျိုးချိန်တွင် မိုးခေါင်ခဲ့သည့်အတွက် ကြက်သွန်နီအထွက်နည်းခဲ့ပြီး ရာသီပေါ်ချိန် ဈေးနှုန်းမှာလည်း တစ်ပိဿာကျပ် ၇၀၀၊ ၈၀၀ သာရှိခဲ့ရာ တချို့တောင်သူများနှင့် လှောင်လက်တချို့တို့ အရောင်းဈေးထိန်းခဲ့ရာက ယခုကဲ့သို့ ဈေးကောင်းရခဲ့ခြင်းဖြစ်သည်ဟု ကြက် သွန်ပွဲစားတချို့ကသုံးသပ်ကြပြီး ကြက်သွန်နီ အရွယ်အစား (၂) နှင့် (၃)အရွယ်ကို အများဆုံး ဝယ်ယူကြပြီး အောက်ဆုံးတချို့ကိုလည်း ဈေးသင့်၍ဝယ်ယူခဲ့ကြသည်ဟုသိရသည်။ ကြက်သွန်အဟောင်းက မရှိသလောက်ပဲ။ အသစ်တွေဝင်နေပြီ။ မြစ်သား၊ ပခုက္ကူ မြင်းခြံမှာလည်း အသစ်ပဲဈေးကွက်မှာရှိတယ်။ တစ်ပိဿာကျပ် ၁၀၀၀၊ -၁၅၀၀ လောက်ဆိုရင်ကို တောင်သူတွေ အဆင်ပြေတဲ့နှုန်း ဆိုပေမယ့် ဒီနှစ်မှာ အထွက်နှုန်းက လေးပုံတစ်ပုံလောက်ပဲ ထွက်ခဲ့တာရယ်၊ ပြည်ပဝယ်တာရယ်ကြောင့် ပေါ်ဦးပေါ်ဖျားမှာတောင် ကျပ် ၂၀၀၀ ကျော်ရှိတယ်''ဟု ပခုက္ကူကြက်သွန် ပွဲစား တစ်ဦးက သုံးသပ်ခဲ့သည်။ ယခုပေါ်လာသည့် ကြက်သွန်အသစ်များကို ဘင်္ဂလားဒေ့ရှ်မှ ဝယ်ယူခြင်းရှိမရှိ ခန့်မှန်းရခက်နေပြီး လာမည့် ဧပြီလလောက်မှ ခန့်မှန်းနိုင်မည်ဖြစ်ကြောင်း၊ တရုတ်မှ ကြက်သွန်တင်သွင်းမှုကို အစိုးရက တားမြစ်ထားချိန်ဖြစ်ပြီး ပြည်တွင်းကြက်သွန်များသာ ဈေးကွက်တွင် အရောင်းအဝယ်ရှိနေကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/132067.html

## ပြည်တွင်းရွှေဈေးနှုန်း တစ်ရက်အတွင်းကျပ် ၁၀၀၀၀ ခန့်ကျဆင်း၊ အဝယ်အေးနေ



တစ်ရက်အတွင်း ပြည်တွင်းအခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၀၀၀ ခန့် ပြန်လည်ကျဆင်းခဲ့သော်လည်း အဝယ်အေး နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးမျိုးမြင့်က ဒီဇင်ဘာ ၇ ရက်ကပြောသည်။ ''ကမ္ဘာ့ရွှေဈေး လည်းကျတယ်၊ ပြည်တွင်းဒေါ်လာဈေးလည်းကျတယ်။ အခု ရက်ပိုင်းထဲမှာ အဝယ်ကလည်း နည်းနည်းအေးသွားတယ်။ ဒါကြောင့်ရွှေဈေးက အနည်းငယ်ပြန်ကျသွားတယ်။ ဒီဇင်ဘာလ ပြီးမှ ဝယ်လက်ကပြန်လိုက်မှာပါ''ဟု ၎င်းက ပြောသည်။

ဒီဇင်ဘာ ၆ ရက် မွန်းလွဲပိုင်းက ရွှေဈေးကွက်အတွင်း အခေါက်ရွှေဈေး တစ်ကျပ်သားလျှင် ကျပ် ၁၁၈၇၀၀၀ ဖြင့် အရောင်းအဝယ်ပြုလုပ်ခဲ့ပြီး ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းရွှေဈေး အဖွင့်ဈေးတွင် ကျပ် ၁၁၇၈၀၀၀ ဖြင့် အရောင်းအဝယ်

ပြုလုပ်ခဲ့သဖြင့် ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၀၀၀ ပြန်လည်ကျဆင်းခဲ့ခြင်းဖြစ်သည်။ ဒီဇင်ဘာ ၂ ရက် ညနေပိုင်းက အခေါက်ရွှေဈေးမှာ ကျပ် ၁၁၇၁၀၀၀ ဖြင့် အရောင်းအဝယ်ပြုလုပ်ခဲ့ရာမှ ဒီဇင်ဘာ ၆ ရက်တွင် ကျပ် ၁၁၈၇၀၀၀ အထိ တဖြည်းဖြည်းပြန်လည်မြင့်တက်ခဲ့ပြီးမှ ပြန်လည်ကျဆင်းခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ရွှေဈေးမှာလည်း ဒီဇင်ဘာ ၆ ရက်က ရွှေတစ်အောင်စလျှင် အမေ ရိကန် ၁၄၇၆ ဒေါ်လာဖြင့် အရောင်းအဝယ်ပြုလုပ်ခဲ့ပြီး၊ ဒီဇင်ဘာ ၇ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၄၆၀ ဖြင့်အရောင်းအဝယ်ပြုလုပ်ခဲ့သဖြင့် ရွှေတစ်အောင်စလျှင် ၁၆ ဒေါ်လာပြန်လည်ကျဆင်းခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/132131.html

## မြန်မာ့ဆန်ကို တရုတ်ဘက်မှ အခွန်(၆၅)ရာခိုင်နှုန်းအထိ ကောက်ခံနေသဖြင့် ဆန်ကုန်သည်များ လာအိုမှတစ်ဆင့် လမ်းကြောင်းပြောင်းကာ တင်ပို့နေကြ




မြန်မာနိုင်ငံမှ တင်ပို့သည့်ဆန်ကို တရုတ်နိုင်ငံမှ အခွန်(၆၅) ရာခိုင်နှုန်းသတ်မှတ် ကောက်ခံနေခြင်းကြောင့် ဆန်တင်ပို့သူများ အတွက် အဆင်မပြေမှုများစွာ ဖြစ်ပေါ်လျက်ရှိကြောင်း မန္တလေးတိုင်း ဒေသကြီး၊ ဆန်ကုန်သည်များအသင်း အထွေထွေအတွင်းရေးမှူး ဦးစိုင်းကျော်ကပြောသည်။ “တရုတ်နိုင်ငံက မကြားဖူးတဲ့ အခွန်နှုန်း ထားဖြစ်တဲ့ ၆၅ ရာခိုင်နှုန်းအဖြစ် သတ်မှတ်ထားတဲ့အတွက် ကျွန်တော် တို့ အခွန်ဆောင်နေရတယ်၊ ဆန်တစ်အိတ်ကို ယွမ်တစ်ရာ သတ်မှတ်ရင် ကျွန်တော်တို့က ၆၅ ယွမ်ဆောင်နေရတယ်၊ ကျွန်တော် တွေ့ဖူးသမျှထဲမှာတော့ ဒါမျိုးပုံစံမျိုးမရှိဘူး” ဟု ၎င်းကပြောသည်။

ယခုကဲ့သို့ အခွန်နှုန်းထားမြင့်မားစွာ ပေးဆောင်ခြင်းကြောင့် ပြည်တွင်း၌ ပြည်ပပို့ဆန်များ သိသိသာသာ ဈေးနှုန်းထိုးကျသွားခဲ့ပြီး ကုန်သည်များနှင့် စိုက်ပျိုးသူများမှာ အဆင်မပြေမှုများစွာကြုံတွေ့နေပြီး တင်း ၁၀၀ လျှင် ကျပ်ငါးသိန်း သတ်မှတ်ထားသော်လည်း အဆိုပါပမာဏအား မပေးနိုင်သည့်အခြေအနေများဖြင့် ကြုံတွေ့နေရကြောင်းသိရသည်။ “ကုန်သည်တွေက သူတို့သတ်မှတ်ထားတဲ့ ဈေးအတိုင်းဆိုရင်ဘယ်လိုမှ မကိုက်တဲ့အတွက် အခုဆိုရင် လမ်းကြောင်းပြောင်းပို့နေရတယ်၊ လာအိုနိုင်ငံကနေ ထရန်စစ်နဲ့ တရုတ်နိုင်ငံထဲကိုတင်ပို့နေရတယ်၊ ကျွန်တော်တို့နိုင်ငံနဲ့ နယ်စပ်ထွက်ပေါက်ကြီးရှိနေတာကို ဒီလိုတင်ပို့နေရတာက အရမ်းဝမ်းနည်းဖို့ကောင်းတယ်၊ အစိုးရပိုင်းကလည်းသိမှာပါ”ဟု ဦးစိုင်းကျော်က ဆက်လက်ပြောကြားသည်။ တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရာတွင် မူဆယ်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့်တင်ပို့လျှင် ဆန်တစ်အိတ်ကျပ်တစ်ထောင်ဝန်းကျင်သာကုန်ကျပြီး လာအိုနိုင်ငံမှတစ်ဆင့်တင်ပို့လျှင် တစ်အိတ်ကျပ်ငါးထောင်ခန့်ကုန်ကျကြောင်း သိရသည်။ သို့သော် အခွန်ရာခိုင်နှုန်းဖြင့်တွက်ချက်လျှင် လာအိုနိုင်ငံမှတစ်ဆင့်တင်ပို့မှုက ကုန်သည်များအတွက်များစွာ တွက်ချေကိုက်ကြောင်းသိရသည်။ “လာအိုဘက်ကတင်ပို့တာမှ တင်ပို့စရိတ်ပိုပေမယ့် အခွန်ကအတော်လေးကွာပါတယ်။ အဲဒီအတွက် ကျွန်တော်တို့တင်ပို့သူတွေ အဆင်ပြေတယ်လို့ပြောရမယ်။ အခုလိုတစ်ဆင့်ခံ တင်ပို့ရတာဖြစ်တဲ့အတွက် ကုန်သည်တွေအတွက်လည်း အမြတ်အစွန်းနည်းသလို၊ နိုင်ငံတော်အနေနဲ့ အခွန်ရရှိမှုပိုင်းမှာလည်း ထိခိုက်နေ ပါတယ်။ ဒီအတွက် နိုင်ငံတော်ပိုင်းကလူတွေအနေနဲ့ တစ်ခုခုစဉ်းစားလုပ်ဆောင်ပေးစေလိုပါတယ်” ဟု ဆန်ကုန်သည် ဦးတင့်ဇော် ကပြောသည်။

အခုလို ဆန်တင်ပို့မှုတွင် ကြုံတွေ့နေရသည့် အခြေအနေများကြောင့် ဆန်ကုန်သည်များအနေဖြင့် ဆန်ပမာဏများများ တင်ပို့လိုခြင်းမရှိတော့ဘဲ အလုပ်ဖြစ်ရုံသာ တင်ပို့နေကြခြင်းကြောင့် ပြည်ပဆန်တင်ပို့မှုလည်း လွန်စွာနှေးကွေးလျက် ရှိကြောင်း ကုန်သည်များထံမှသိရသည်။ “တရုတ်နိုင်ငံက မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့တဲ့ပုံစံမျိုး လုပ်နေတာပါ၊ သူတို့ဆီက ဆန်ကို လိုအပ်ချက် ရှိတယ်ဆိုတာသိတယ်၊ ဒါပေမယ့် အခုလိုလုပ်နေတာက တရားမဝင်လမ်းကြောင်းကဆိုရင် အကုန်လုံးကို ယူနေ တာပဲ၊ နေ့စဉ် ဆန်အပါဝင် ဖရဲ၊ သခွားနဲ့ အခြားသီးနှံတွေကို သယ်ယူနေတဲ့ကားတွေဆိုတာ ကျွန်တော်တို့ မမြင်ခြင်မှ အဆုံးပဲ၊ ဒါမျိုးတွေကို ကျွန်တော်တို့အနေနဲ့ ဘာမှမလုပ်နိုင်ပါဘူး၊ သက်ဆိုင်ရာအနေနဲ့ပဲ လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်” ဟု

မန္တလေးဆန်ကုန်စည်ဒိုင်၊ ဒုဥက္ကဋ္ဌ ဦးတင့်ဇော်ကပြောသည်။ ဒါ့အပြင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ် အစိုးရတို့အကြား နှစ်နိုင်ငံဆန်တင်ပို့မှုပြုလုပ်ရန်အတွက် နားလည်မှုစာချွန်လွှာရေးထိုးထားသော်လည်း တရုတ်နိုင်ငံဘက်မှ ကုမ္ပဏီ တစ်ခုတည်းဖြင့်သာ စာချုပ်ချုပ်ဆိုထားသည့်ပုံစံမျိုးဖြစ်နေသဖြင့် ပြည်တွင်းဆန်တင်ပို့သူများမှာ ဈေးနှိမ်ခံရခြင်းနှင့် ငွေကြေးပိုင်းဆိုင်ရာ အခက်အခဲများကိုလည်း ကြုံတွေ့နေရကြောင်းသိရသည်။ ယခင်နှစ်များတွင် မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တစ်လလျှင် ဆန်တန်ချိန်သုံးသိန်းခွဲခန့်အထိ တင်ပို့ခဲ့သော်လည်း ယခုနှစ်တွင်မူ တန်ချိန်နှစ်သိန်းအောက်သာ တင်ပို့နေရကြောင်းလည်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ စာရင်းများအရသိရသည်။

**Source:** http://www.mizzimaburmese.com/article/63889

## သစ်မွှေးများကို ဥရောပနိုင်ငံများသို့ တင်ပို့ရန်စီစဉ်နေ



မြန်မာနိုင်ငံအတွင်း၌ စိုက်ပျိုးထုတ်လုပ်ထားသော သစ်မွှေးများကို ဥရောပနိုင်ငံများသို့ တင်ပို့နိုင်ရန်ဆောင်ရွက်နေပြီဖြစ်ကြောင်း သစ်မွှေးစိုက်ပျိုးထုတ်လုပ်သူများအသင်းထံမှသိရသည်။ “ကျွန်တော်တို့က အရှေ့အလယ်ပိုင်းနိုင်ငံတွေဖြစ်တဲ့ ဆော်ဒီ၊ ဒူဘိုင်း၊ ယီမင်နိုင်ငံတွေကို အဓိကထားတင်ပို့နေပါတယ်။ နောက်ထပ်နိုင်ငံတွေ တိုးတဲ့အနေနဲ့ဥရောပနိုင်ငံတွေကို တင်ပို့ဖို့လုပ်နေတယ်။ အမေရိကန်နိုင်ငံနဲ့တော့ တင်ပို့ဖို့အတွက်စီစဉ်ထားပြီးဖြစ်ပါတယ်။ အဲဒီအတွက် လိုအပ်တာတွေကို လုပ်ဆောင်ပြီးဖြစ်ပါတယ်”ဟု အဆိုပါအသင်း ဥက္ကဋ္ဌ ဦးကျော်ဝင်းထွန်းကပြောသည်။

သစ်မွှေးကို ပြည်ပတင်ပို့ရာတွင် သစ်တောဦးစီးဌာနထံသို့ တင်ပြထားပြီး ကိုယ်တိုင်စိုက်ပျိုးထားသည့် အပင်ဖြစ်ရန်လိုအပ်ကြောင်း၊ သစ်မွှေးမှာ မျိုးတုံးမှုမရှိစေရေးအတွက် ကာကွယ်ထားသည့် အပင်များတွင် ပါဝင်သောကြောင့် သစ်တောဦးစီးဌာနသို့တင်ပြကာ တရားဝင်စိုက်ပျိုးထားခြင်းမဟုတ်လျှင် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မည်မဟုတ်ကြောင်းသိရသည်။ “ပို့မယ်ဆိုရင် သစ်တောဦးစီးဌာနက ထောက်ခံချက်လိုတယ်။ သစ်မွှေးစိုက်ပြီးပြီဆိုရင် သက်ဆိုင်ရာ သစ်တောရုံးကို အကြောင်းကြားပြီး မှတ်ပုံတင်ရတယ်။ ဘယ်နှစ်ပင်စိုက်ထားလဲဆိုတာကို စာတင်ရပါတယ်။ ဆင်းစစ်တယ်။ မျိုးတွေကိုကာကွယ်တဲ့ဥပဒေအရ ကမ္ဘာပေါ်မှာတားမြစ်ထားတဲ့အပင်ဖြစ်တဲ့အတွက်ကြောင့် ကိုယ်တိုင်စိုက်ထားတဲ့အပင်ကထွက်တဲ့ သစ်မွှေးဆီကိုတင်ပို့လို့ရပါတယ်။ သစ်တောထဲမှာပေါက်နေတဲ့ အပင်တွေကတော့ တင်ပို့လို့မရပါဘူး”ဟု ၎င်းကပြောသည်။

ထို့အတွက် စိုက်ပျိုးလိုသူများအနေဖြင့် အကူအညီများလိုအပ်လျှင် တောင်းခံနိုင်သကဲ့သို့ အသင်းအနေဖြင့်လည်း စိုက်ပျိုးမှုများသောဒေသများသို့ လိုက်လံအသိပညာပေးခြင်း၊ သစ်မွှေးဆီ ထုတ်လုပ်ရာတွင် ကုန်ကျသည့် ကုန်ကျစရိတ်များကို စိုက်ပျိုးသူနှင့်အသင်းတို့ အကျိုးတူပူးပေါင်းလုပ်ဆောင်နေကြောင်းသိရသည်။ သစ်မွှေးအပင်မှာ နှစ်ရှည်သီးနှံဖြစ်ပြီး အကိုင်း၊ အခက်များကို ခုတ်ထွင်တင်ပို့ရခြင်းမျိုးမဟုတ်ဘဲ အပင်ထဲတွင်ဆေးသွင်းကာ ထွက်ရှိသောအဆီများကို ပြန်လည်ပြုပြင်ထုတ်လုပ်ကာတင်ပို့ခြင်းဖြစ်ကြောင်း၊ အဆီခဲအဖြစ်သို့ပြောင်းလဲရန် သုံးနှစ်ခန့်စောင့်ရကြောင်း သစ်မွှေးစိုက်ပျိုးထုတ်လုပ်သူများထံကသိရသည်။ “နှစ်ရှည်ဆိုပေမယ့် အပင်ထဲကို ပိုးပါတဲ့ဆေးတစ်ခုကိုသွင်းလိုက်တယ်။ အပင်ကပြန်ကာကွယ်တဲ့သဘောအနေနဲ့ အဆီတွေထုတ်တယ်။ အဲဒီအဆီတွေကို ကျွန်တော်တို့အနေနဲ့ရယူပြီး လိုအပ်တာတွေ ပြင်ဆင်ပြီးပေးပို့တာဖြစ်ပါတယ်။ အဲဒါပြီးမှ ပြန်ပြီးထုတ်လုပ်ရောင်းချတာဖြစ်ပါတယ်။ သုံးပင်ကို တစ်ကီလိုလောက်ရပါတယ်။ ဈေးနှုန်းကတော့တစ်ကီလိုကို အများဆုံးခုနစ်သိန်းလောက်အထိတော့ရပါတယ်”ဟု သစ်မွှေးစိုက်ပျိုးသူ ဦးနေအောင်က ပြောသည်။ မြန်မာနိုင်ငံတွင် သစ်မွှေးကို မြစ်ကြီးနား၊ တနိုင်း၊ ဝိုင်းမော်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ချင်းပြည်နယ်၊ မြိတ်၊ ထားဝယ်စသည့်ဒေသတို့တွင် အများဆုံးစိုက်ပျိုးကြောင်း၊ ထိုထဲတွင် အကောင်းဆုံးမျိုးမှာ မြစ်ကြီးနားကထွက်ရှိသော မျိုးဖြစ်ကြောင်းသိရသည်။

**Source: မြန်မာတောင်သူကြီးများဂျာနယ်,**http://htwettoe.com/article-details/news/8396851

## တစ်ပိုင်တစ်နိုင် ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်း နည်းပညာပိုင်းကူညီပေးမည်



မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်၊ ကတန်ကျွန်းပေါ်ရှိ ကတ္တလူ ကျေးရွာတွင် ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် ခေတ်မီ ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းက ဒေသခံများတစ်ပိုင် တစ်နိုင်မွေးမြူလိုပါက နည်းပညာပိုင်းကူညီပေးသွားမည် ဖြစ်ကြောင်းသိရသည်။ အဆိုပါကုမ္ပဏီက ခေတ်မီရေငန်ပုစွန် မွေးမြူရေးလုပ်ငန်းကို ၂၀၁၄ ခုနှစ်တွင် စတင်အကောင်အထည်ဖော် ခဲ့ခြင်းဖြစ်ပြီး အစောပိုင်းတွင် နည်းပညာပိုင်း အားနည်းမှုတချို့ ကြောင့် အောင်မြင်မှုမရှိဘဲ ၂၀၁၆ ခုနှစ်မှ လက်ရှိအချိန်အထိ ထိုင်းနိုင်ငံမှ နည်းပညာအကူအညီဖြင့်ပြုလုပ်ကာ နှစ်အလိုက် အောင်မြင်မှုများရရှိနေကာ တန်ချိန်တိုးတက်လာသည်။

ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် ရေငန်ပုစွန်မွေးမြူရေးမန်နေဂျာ ဦးကျော်လင်းက"အခုဆိုရင် ကျွန်တော်တို့ ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းက အောင်မြင်မှုတွေရရှိနေပါတယ်။ ဒေသခံတွေကို အလုပ်အကိုင် အခွင့်အလမ်း တွေလည်း ဖန်တီးပေးနိုင်ပါပြီ"ဟုပြောဆိုသည်။ လက်ရှိတွင် ကျွန်းစုမြို့နှင့် မြိတ်မြို့နယ်တို့မှ ဒေသခံပြည်သူများက ရေငန်ပုစွန် မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်၍ စိတ်ဝင်စားမှုရှိနေပြီး လာရောက်လေ့လာသူလည်းများနေကြောင်းသိရသည်။ "ကျွန်တော် တို့ ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းကို ဒေသခံတွေလည်း စိတ်ဝင်စားလာတာတွေ့ရပါတယ်။ ဒါကိုလည်း ကျွန်တော်တို့က နည်းပညာပိုင်းနဲ့ လုပ်ငန်းအဆင့်ဆင့်တွေ၊ သင်တန်းတွေကို အကူအညီတောင်းခံလာရင် ကူညီပေးဖို့ အဆင်သင့်ရှိပါတယ်"ဟု ရေငန်ပုစွန်မွေးမြူရေးမှ မန်နေဂျာဦးကျော်လင်းက ဆက်လက်ပြောသည်။

ထို့ပြင် ကျွန်းစုမြို့နယ် ကတန်ကျွန်းပေါ်တွင် မွေးမြူထားသော ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းမှာ အောင်မြင်မှုရှိနေသည့် အတွက် လုပ်ငန်းရှင်ကြီး များအပြင် အလတ်စားလုပ်ငန်းရှင်များ အတွက် အကူအညီပေးရန် စီစဉ်ထား ကြောင်း ယင်းကုမ္ပဏီမှ သိရသည်။ "အလတ်စားလုပ်ငန်းရှင်တွေအနေနဲ့ မြေနေရာနဲ့ကန်ပဲတူးထားပေးပါ။ ကျွန်တော်တို့က ပုစွန်သားပေါက်တွေ၊ ကန်မှာခင်းတဲ့ တာလပတ်တွေ၊ မွေးမြူရေးနည်းစနစ်တွေကို လာရောက်ကူညီပေးပါ့မယ်။ ရရှိလာမယ့် ပုစွန်တွေကိုလည်း ကိုယ်ကြိုက်တဲ့နေရာမှာ ရောင်းချနိုင်တယ်။ ဈေးကွက်မရှိရင် ကျွန်တော်တို့ ပြန်ဝယ်ယူပေးပါ့မယ်"ဟု မန်နေဂျာ ဦးကျော်လင်းကပြောသည်။ လက်ရှိမွေးမြူနေသည့် ရေငန်ပုစွန်များကို ဂျပန်နိုင်ငံမှ အဓိကဝယ်ယူနေသည်ဟုသိရသည်။ တနင်္သာရီတိုင်းဒေသကြီးအတွင်း ရေငန်ပုစွန်မွေးမြူ ရေးလုပ်ငန်းသည် မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့တွင် ကုမ္ပဏီသုံးခုက အကောင်အထည်ဖော် မွေးမြူနေကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/132052.html

## ထိုင်းသရက်သီးများ မြဝတီနယ်စပ်ဂိတ်ဝမှတစ်ဆင့် ပြည်တွင်းသို့ဝင်ရောက်




ထိုင်းနိုင်ငံမှ သရက်သီးများကို မဲဆောက်၊ မြဝတီနယ်စပ်ဂိတ်ဝမှ တစ်ဆင့် ဝင်ရောက်လာပြီးပြည်တွင်းသို့ တင်ပို့နေကြောင်းသိရသည်။ "သရက်သီးက အောက်တိုဘာလကစပြီး ထိုင်းဘက်မှာ သရက်ကင်းအဖြစ် ထွက်ရှိပြီး ပြည်တွင်းကို ဝင်ရောက်လာခဲ့တယ်။ သရက်ကင်းက မဲဆောက် မှာ ၁ ကီလို ၁၈ ဘတ် ဝယ်ရတယ်။ အခုသရက်ကင်းတွေ ဝင်ရောက်နေ သလို သရက်သီးအလုံးကြီးတွေလည်း ဝင်လာနေတယ်။ သရက်သီး အလုံးကြီးက ၁ ကီလိုကို ခြောက်ဘတ်ဝယ်ရတယ်။ သရက်သီး အလုံးကြီးတွေကို နိုဝင်ဘာလကတည်းက ဝယ်ယူတင်သွင်းနေပါတယ်။ ချစ်ကြည်ရေးတံတားပေါ်က တရားဝင်တင်သွင်းတာဖြစ်ပြီး နေပြည် တော်၊ ရန်ကုန်၊ မန္တလေးနဲ့ မြန်မာပြည်အနှံ့မြို့ကြီးတွေကို

ပို့ဆောင်ပေးပါတယ်။ တစ်နေ့ကို ကျပ်သိန်း ၅၀ ဖိုးလောက်အထိ ပို့ ဆောင်ပေးနေရပါတယ်"ဟု သီးနှံများအား ရာသီအလိုက် ထိုင်းနိုင်ငံမှ ပြည်တွင်းသို့ ဝယ်ယူတင်သွင်းနေသည့် လုပ်ငန်းရှင် ဦးကံထွန်းကပြောသည်။

မြန်မာပြည်တွင် ယခုအချိန်၌ သရက်သီးအကင်းအဖြစ်မထွက်သေးခင် အချိန်ကာလအတွင်း ထိုင်းနိုင်ငံတွင် စိုက်ပျိုးမှု နည်းစနစ်များခေတ်မီမှုကြောင့် သရက်ကင်း၊ သရက်သီးစိမ်းနှင့် သရက်သီးအမှည့်များပါထွက်ရှိနေပြီး သရက်သီးအစိမ်း များမှာ ပြည်တွင်းသို့ များစွာတင်ပို့နေကြောင်းသိရသည်။ "သရက်သီးစိမ်းက ပြည်တွင်းမှာအသုံးများတယ်။ အဓိကက သရက်ချဉ် လုပ်ပြီး သရက်ချဉ်သုပ်အဖြစ် အလှူပွဲတွေမှာအသုံးများကြတယ်။ ပြီးတော့ သရက်ချဉ်ပေါင်းလုပ်ပြီး နိုင်ငံအနှံ့ဈေးသည် တွေကရောင်းကြတယ်။ ကိုယ့်နိုင်ငံမှာ သရက်ပင်တွေက အဖူးတောင်မထွက်ကြသေးဘူး။ ထိုင်းမှာက အလုံးတွေကြီးကုန်ပြီ၊ ဘယ်လိုစိုက်ကြမလဲမသိဘူးဟု ဒေသခံတစ်ဦးကပြောသည်။

**Source:** https://myanmar.mmtimes.com/news/132018.html

## ကုန်စိမ်းနှင့်သစ်သီးဝလံများအား ပြည်တွင်း၌စာချုပ်ချုပ်ဆို၍ တင်ပို့ ရသည့်စနစ်ကျင့်သုံးသင့်ဟုဆို

မြန်မာနိုင်ငံတွင် စိုက်ပျိုးထွက်ရှိသော ကုန်စိမ်းနှင့်သစ်သီးဝလံများအား တရုတ်ပြည်နယ်စပ်ရောက်မှသာ ဈေးဖြတ်ခြင်း မဟုတ်ဘဲ ပြည်တွင်း၌ စာချုပ်ချုပ်ဆို၍ တင်ပို့ရသည့်စနစ်ကိုကျင့်သုံးသင့်ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းကပြောဆိုသည်။ ဒီဇင်ဘာ ၈ ရက်က မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှု၊ လက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၌ ပြုလုပ်သည့် နိုင်ငံတော်ဒုတိယသမ္မတ(၁)ဦးမြင့်ဆွေဦးဆောင်သော ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့် ပုဂ္ဂလိက ကဏ္ဍလုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံပွဲ (၃၁)ကြိမ်မြောက်တွင် ယင်းကဲ့သို့ ပြောဆိုခဲ့ခြင်းဖြစ်သည်။

ခွဲတမ်းနဲ့ပို့ရတဲ့စနစ်မျိုးထက် ဝယ်ယူသူကို ရန်ကုန်ဈေးကွက်လိုနေရာမျိုး၊ မန္တလေးဈေးကွက်လိုမျိုးမှာ တစ်ခါတည်း စာချုပ်ချုပ်ပြီး ဒီကနေလှမ်းပို့တဲ့စနစ်မျိုးကို ကျင့်သုံးသင့်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီကနေပြီးတော့ ဥပမာ အနေနဲ့ပြောရမယ်ဆိုရင် ဖရဲသီးတွေကို ကားတွေနဲ့တင်သွားပြီး ဟိုရောက်မှမယူဘူးဆိုတဲ့ အခြေအနေမျိုးတွေကြောင့် အခက်အခဲတွေရှိတယ်။ ဝယ်လက်တွေနဲ့ပတ်သက်ပြီး နယ်စပ်မျဉ်းပေါ်မှာ ပွဲစားအများကြီးရှိတယ်။ တိုက်ရိုက် စားသုံးသူ လက်ထဲကို မဖြန့်ချိနိုင်ဘူး။ ကုန်စိမ်းနဲ့သစ်သီးဝလံမှာက ဒီလိုအခြေအနေထိန်းချုပ်ထားတဲ့ အနေအထားတွေ ရှိတယ်'ဟု ဝန်ကြီးချုပ်ကပြောဆိုသည်။

ယင်းအနေအထားများနှင့်ပတ်သက်ပြီး ရန်ကုန်-မန္တလေးတွင် တစ်ခါတည်းရောင်းချ၍ Logistics လမ်းကြောင်းမှ ပါကင်ပါထုပ်ပိုးနိုင်မည့်လုပ်ငန်းများကို ပြည်တွင်း၌ ဆောင်ရွက်နိုင်ပါက အဆင်ပြေနိုင်ကြောင်းသိရသည်။ 'သူတို့က နယ်စပ်မျဉ်းပေါ်ရောက်တော့မှ ယူချင်လည်းယူမယ်၊ မယူချင်လည်းမယူဘူးဆိုတော့ ကိုယ့်မှာ နစ်နာထိခိုက်မှုတွေရှိတယ်။ သူတို့နိုင်ငံက သွားဂယ်တဲ့အခါကျတော့ သူတို့နိုင်ငံထဲမှာပဲ သွားဝယ်လို့ရတယ်။ သူတို့ကျတော့ နယ်စပ်ကနေ မင်းတို့သယ်လာကြ၊ ကြိုက်ရင်ယူမယ်၊ မကြိုက်ရင် မယူဘူးဆိုတဲ့ပုံစံမျိုးနဲ့ အလုပ်လုပ်လို့ မရပါဘူး။ ဈေးလည်း ကြိုက်ရင်ရောင်း၊ မကြိုက်ရင်မရောင်းနဲ့ဆိုတဲ့ ပုံစံမျိုးက တကယ်အဆင်မပြေပါဘူး။ သွင်းခွင့်လိုင်စင်လောက်ပဲရမယ်၊ ခွဲတမ်းရမယ်ဆိုတဲ့အခြေအနေမျိုးထက်တော့ ခိုင်မာတဲ့ရောင်းဝယ်မှုမျိုးဖြစ်အောင် ကြိုးစားသင့်တယ်' ဟု ဝန်ကြီးချုပ်က ပြောဆိုသည်။

အဆိုပါ ကိစ္စရပ်နှင့် ပတ်သက်၍ တရုတ်နိုင်ငံနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့ ဆွေးနွေးမှုများရှိခဲ့ပြီး တရုတ်နိုင်ငံဘက်မှ ဝယ်လက်များက သူတို့လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းနှင့်ကိုက်ညီမည်ဆိုပါက ဝယ်ယူမည်ဆိုသော ဆွေးနွေးချက်များ ရှိကြောင်းသိရသည်။ထိုစိုက်ပျိုးရေးကဏ္ဍကို စတင်စိုက်ပျိုးသည့် အချိန်မှစ၍ ရောင်းချသည့်အချိန်အထိ မြန်မာ-တရုတ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်သည့် အနေအထားမျိုးဖြစ်အောင် ပြင်ဆင်သင့်ကြောင်း ဝန်ကြီးချုပ်က အကြံပြုပြောဆိုသည်။

**Source:** https://www.facebook.com/standardtimedaily/posts/2353974141381193?__tn__=K-R

## ချင်းပြည်နယ် တီးတိန်လိမ္မော်များ အထွက်နည်းသော်လည်းဈေးကောင်းရ



ချင်းပြည်နယ် တီးတိန်မြို့နယ်တွင် စိုက်ပျိုးမှုအများဆုံးဖြစ်သည့် တီးတိန်လိမ္မော်များ အထွက်နည်းနေသော်လည်း ဈေးကောင်းရလျက်ရှိကြောင်း တီးတိန်မြို့နယ်အတွင်း လိမ္မော်ခြံပိုင်ရှင် ဦးကျင်ခုတ်ကပြောသည်။ ချင်းတောင်ပေါ်၌ လိမ္မော်ကို တီးတိန်မြို့နယ်အတွင်းတွင် အများဆုံးစိုက်ပျိုးမှုရှိပြီး ဆေးဝါးအသုံးပြုမှုမရှိသော သဘာဝသီးများဖြစ်သည့်အတွက် မြန်မာ-အိန္ဒိယနယ်စပ်ဘက်မှ အများဆုံးဝယ်ယူမှုရှိကာ ကလေး၊ မုံရွာဈေးကွက်များသို့လည်း တင်ပို့ရောင်းချသည်။ ''ချင်းတောင် လိမ္မော်က နှစ်တိုင်းအထွက်နှုန်းကောင်းမွန်တာမျိုးမဟုတ်ပါဘူး၊ တစ်နှစ်ခြားဆိုတာလို အသီးအထွက်နှုန်းကောင်းပါတယ်၊ အခုနှစ်ကတော့ ရာသီဥတုအခြေအနေကြောင့် အသီးများတဲ့နှစ်မဟုတ်တဲ့အတွက်ပါ အထွက်နှုန်းနည်းပါတယ်၊ ကျွန်တော်တို့ လိမ္မော်ခြံတွေမှာ လိမ္မော်ပင်စတင်စိုက်ပျိုးတဲ့နှစ်ကစတင်လို့ ရှစ်နှစ်ဝန်းကျင်မှာ စတင်အသီးသီးပါတယ်၊ ချင်းတောင်လိမ္မော်က သဘာဝအတိုင်းဆိုတော့ ရှမ်းလိမ္မော်လို အချိုမများပါဘူး၊ အချဉ်ခတ်ပါပါတယ်'' ဟု ၎င်းကပြောသည်။

ချင်းပြည်နယ်ထွက် လိမ္မော်သီးများနှင့် တမူးမြို့နယ်ခွဲ ခမ်းပတ်ဒေသထွက်လိမ္မော်များ ဒီဇင်ဘာလဆန်းချိန်မှစတင်၍ မြန်မာ-အိန္ဒိယနယ်စပ် တမူးဈေးကွက်သို့လည်းကောင်း ကလေး၊ ဂန့်ဂေါဈေးကွက်များသို့လည်းကောင်း ဝင်ရောက်လျက်ရှိသည်။ ယခုရက်ပိုင်း ဈေးကွက်သို့ဝင်ရောက်လာသည့် ချင်းလိမ္မော်အကြီးတစ်လုံးလျှင် ကျပ် ၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး အလုံးသေးများကို လေးလုံး ကျပ် ၁၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ချင်းပြည်နယ်တွင် လိမ္မော်ခြံလုပ်ငန်းကို ချင်းပြည်နယ်အနှံ့အပြားတွင်လုပ်ကိုင်မှုရှိသော်လည်း ရှေးကာလမှစတင်လုပ်ကိုင်ခဲ့သည့်အတိုင်း သမားရိုးကျခြံလုပ်ငန်းအဖြစ် လုပ်ကိုင်စိုက်ပျိုးခြင်း၊ နိုင်ငံတကာအဆင့်မီနည်းပညာမရရှိခြင်း၊ ခေတ်မီဆေးဝါးသုံးစွဲနိုင်မှုမရှိခြင်းတို့ကြောင့် ချင်းတောင်ထွက်လိမ္မော်သီးများမှာ အလုံးသေးပြီး အလုံးကျစ်သောလိမ္မော်သီးများသာ ဈေးကွက်သို့ ရောင်းချနိုင်ကြောင်းသိရသည်။ ''လိမ္မော်သီးစားသုံးတဲ့သူတွေကလိမ္မော်သီးပွပွကိုပိုကြိုက်ပြီး ချဉ်တာကိုမကြိုက်ကြဘူး၊ လိမ္မော်သီးဆိုရင် ချိုရမယ်၊ အခု ချင်းတောင်ထွက်လိမ္မော်က အချဉ်ကဲတယ်၊ ဒါပေမဲ့ဈေးကွက်မှာ ဆေးဝါးမကူတဲ့ သဘာဝသီးတွေဖြစ်တဲ့အတွက်အရောင်းအဝယ်သွက်တယ်၊ ဈေးကောင်းရတယ်၊ ဒါပေမဲ့ အခုနှစ်အထွက်နည်းတယ်'' ဟု ကလေးမြို့ တာဟန်းရပ်ကွက် လိမ္မော်ခြံပိုင်ရှင် ဦးပေါင်ကပြောသည်။

**Source:** https://myanmar.mmtimes.com/news/132146.html

## တရုတ်-မြန်မာ ကုန်စည်ပြပွဲ၌ ပြည်တွင်းထုတ်ကုန်များကို တိုက်ရိုက်ဝယ်ယူသူနှင့် ချိတ်ဆက်နိုင်မည်

မြန်မာနှင့်တရုတ် နှစ်နိုင်ငံကုန်စည်ပြပွဲကို နှစ်စဉ်ကျင်းပလျက်ရှိရာ ယခုနှစ်တွင် (၁၈)ကြိမ်မြောက်အဖြစ် တရုတ်-မြန်မာကုန်စည်ပြပွဲနှင့်စီးပွားရေးဖိုရမ်ကို တရုတ်နိုင်ငံ၊ ရွှေလီမြို့၌ ဒီဇင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိပြုလုပ်မည်ဖြစ်ပြီး ပြပွဲတွင် ပြည်တွင်းထုတ်ကုန်များကို တိုက်ရိုက်ဝယ်ယူသူနှင့် ချိတ်ဆက်နိုင်ရာမှ ဈေးကွက်ချဲ့ထွင်နိုင်မည်ဟု ရတနာပုံကုန်သွယ်ဇုဟိုဌာန ဦးစီးအရာရှိ ဒေါ်သက်သက်နိုင်ကပြောသည်။ ကုန်စည်ပြပွဲကို နှစ်နိုင်ငံပိုင်နက်အတွက် တစ်လှည့်စီပြုလုပ်ခြင်းဖြစ်ရာ ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံဘက်၌ပြုလုပ်ခဲ့ပြီး ယခုနှစ် (၁၈)ကြိမ်မြောက်အဖြစ် တရုတ်နိုင်ငံဘက်တွင်ပြုလုပ်မည်ဖြစ်၍ (၁၄)ကြိမ်မြောက် နှစ်နိုင်ငံကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီအစည်းအဝေးလည်း ပြုလုပ်မည်ဖြစ်သည်။ ''ပြပွဲမှာ နှစ်ဖက်နိုင်ငံက စီးပွားရေးလုပ်ငန်းရှင်တွေ၊ ကုမ္ပဏီတွေကလာတော့ ကိုယ့်ရဲ့ထုတ်ကုန်တွေကို ဝယ်သူနဲ့တိုက်ရိုက်ရောင်းနိုင်တဲ့ အခွင့်အရေးရမယ်။ ဈေးကွက်ချဲ့ထွင်နိုင်တဲ့အပြင် သူတို့ဘာလိုနေတာလဲသိတဲ့အတွက် ပြင်ဆင်နိုင်မှာဖြစ်တယ်။ ဒီနှစ်မှာ

မန္တလေးတိုင်းက သစ်သားပရိဘောဂပစ္စည်းတွေပြသမယ်။ အရင်နှစ်တွေမှာမပါခဲ့ဘူး''ဟု ၎င်းကပြောသည်။

ပြပွဲတွင် တရုတ်လုပ်ငန်းရှင်များ ဘက်မှ ပြခန်းပေါင်း ၄၀၀ ခန့်နှင့် မြန်မာလုပ်ငန်းရှင်များဘက်မှ ပြခန်းပေါင်း ၁၀၀ခန့် စုစုပေါင်း ပြခန်း ၅၀၀ ခန့် ပါဝင်မည်ဖြစ်ကြောင်း၊ ပြခန်းတစ်ခန်းလျှင် သုံးမီတာပတ်လည်ဖြစ်ကာ မြန်မာဘက်မှ အခန်းပေါင်း ၃၀ ကို အခမဲ့ရရှိမည်ဖြစ်၍ အခန်း ၂၀ အတွက် အထူးနှုန်း တရုတ်ငွေ ယွမ် ၁၅၀၀ ဖြင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။ ''ပြပွဲက တရုတ်နိုင်ငံဘက်နဲ့ မြန်မာနိုင်ငံဘက်ဆိုပြီး တစ်လှည့်စီလုပ်တာပါ။ ဒီနှစ်(၁၈)ကြိမ်မြောက် က တရုတ်ဘက်မှာဆိုတော့ ခေါင်းစဉ်က တရုတ်-မြန်မာလို့ ခေါင်းစဉ်တပ်ပါတယ်။ တရုတ်နိုင်ငံနဲ့ကုန်စည်ပြပွဲကို နန်နင်းမြို့၊ ကူမင်းမြို့နဲ့ ရွှေလီ-မူဆယ်မှာ လုပ်တော့ တစ်နှစ်ကိုသုံးနေရာမှာပေါ့။ သနပ်ခါး၊ ကော်ဖီ၊ ကျောက်မျက်ရတနာ၊ လက်ဖက်၊ လက်မှုအနုပညာပစ္စည်းတွေနဲ့ ကျောက် မျက် ရတနာတွေ ပါဝင်ပြသမယ်''ဟု ၎င်းက ဆက်လက်ပြောသည်။

ယခုနှစ်တွင် မန္တလေးတိုင်းထုတ်ကုန်များအနက် ယခင်နှစ်များက ပြသခြင်းမရှိခဲ့သော သစ်သားပရိဘောဂလုပ်ငန်းသုံးခုမှ ၎င်းတို့ထုတ်ကုန်များပါဝင်မည်ဖြစ်ပြီး မန္တလေးတိုင်းမှ ရတနာပုံ၊ စစ်ကိုင်းတိုင်းမှ ဇေယျာတိုင်း၊ ဧရာဝတီတိုင်းမှ ဧရာတိုင်း၊ ရှမ်းပြည်နယ်(တောင်)မှ ကမ္ဘောဇတိုင်း၊ ရှမ်းပြည်နယ်(မြောက်)မှ မောရွှေလီစသည့် Trade Center အသီးသီးမှ ပြခန်းများက ဒေသထုတ်ကုန်များပြသမည်ဟုသိရသည်။ ပြီးခဲ့သည့် (၁၇)ကြိမ်မြောက် ကုန်စည်ပြပွဲကို မူဆယ်မြို့တွင်ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံမှထွက်ရှိသောကျောက်မျက်ရတနာ စိတ်ဝင်စားမှုရရှိခဲ့ပြီး ထုတ်ကုန်နှင့်ပတ်သက်သည့်သဘောတူညီမှုများကို တရုတ်ဘက်မှ လုပ်ငန်းရှင်များနှင့် ကုန်ကြမ်း၊ ကုန်ချောဈေးကွက်ဆွေးနွေးနိုင်ခဲ့ကြောင်း၊ ယခုပြပွဲများမှတစ်ဆင့် ပို့ကုန်မြှင့်တင်နိုင်ရေးအတွက် အထောက်အကူဖြစ်ရန်ရည်ရွယ်ကာ နိုင်ငံတကာနှင့် ချိတ်ဆက်ပြုလုပ်ခြင်းဖြစ်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/132145.html

## မြန်မာ့ဆန်ကို တရုတ်ဘက်မှ အခွန်(၆၅)ရာခိုင်နှုန်းအထိ ကောက်ခံနေသဖြင့် ဆန်ကုန်သည်များ လာအိုမှတစ်ဆင့် လမ်းကြောင်းပြောင်းကာ တင်ပို့နေ

မြန်မာနိုင်ငံမှ တင်ပို့သည့်ဆန်ကို တရုတ်နိုင်ငံမှ အခွန်(၆၅) ရာခိုင်နှုန်းသတ်မှတ် ကောက်ခံနေခြင်းကြောင့် ဆန်တင်ပို့သူများအတွက် အဆင်မပြေမှုများစွာ ဖြစ်ပေါ်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး၊ ဆန်ကုန်သည်များအသင်း အထွေထွေအတွင်းရေးမှူး ဦးစိုင်းကျော်ကပြောသည်။ "တရုတ်နိုင်ငံက မကြားဖူးတဲ့အခွန်နှုန်းထားဖြစ်တဲ့ ၆၅ရာခိုင်နှုန်းအဖြစ်သတ်မှတ်ထားတဲ့အတွက် ကျွန်တော်တို့ အခွန်ဆောင်နေရတယ်၊ ဆန်တစ်အိတ်ကို ယွမ်းတစ်ရာသတ်မှတ်ရင် ကျွန်တော်တို့က ၆၅ယွမ် ဆောင်နေရတယ်၊ ကျွန်တော်တွေ့ဖူးသမျှထဲမှာတော့ ဒါမျိုးပုံစံမျိုးမရှိဘူး" ဟု ၎င်းကပြောသည်။ ယခုကဲ့သို့ အခွန်နှုန်းထားမြင့်မားစွာပေးဆောင်ခြင်းကြောင့် ပြည်တွင်း၌ပြည်ပပို့ဆန်များ သိသိသာသာဈေးနှုန်းထိုးကျသွားခဲ့ပြီး ကုန်သည်များနှင့် စိုက်ပျိုးသူများမှာ အဆင်မပြေမှုများစွာကြုံတွေ့နေပြီး တင်း ၁၀၀ လျှင် ကျပ်ငါးသိန်းသတ်မှတ်ထားသော်လည်း အဆိုပါပမာဏအား မပေးနိုင်သည့်အခြေအနေများဖြင့် ကြုံတွေ့နေရကြောင်းသိရသည်။ "ကုန်သည်တွေက သူတို့သတ်မှတ်ထားတဲ့ ဈေးအတိုင်းဆိုရင်ဘယ်လိုမှ မကိုက်တဲ့အတွက် အခုဆိုရင် လမ်းကြောင်းပြောင်းပို့နေရတယ်၊ လာအိုနိုင်ငံကနေ ထရန်စစ်နဲ့ တရုတ်နိုင်ငံထဲကိုတင်ပို့နေရတယ်၊ ကျွန်တော်တို့နိုင် ငံနဲ့ နယ်စပ်ထွက်ပေါက်ကြီးရှိနေတာကို ဒီလိုတင်ပို့နေရတာက အရမ်းဝမ်းနည်းဖို့ကောင်းတယ်၊ အစိုးရပိုင်းကလည်းသိမှာပါ"ဟု ဦးစိုင်းကျော်က ဆက်လက်ပြောကြားသည်။

တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရာတွင် မူဆယ်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် တင်ပို့လျှင် ဆန်တစ်အိတ်ကျပ်တစ်ထောင်ဝန်းကျင်သာ ကုန်ကျပြီး လာအိုနိုင်ငံမှတစ်ဆင့် တင်ပို့လျှင် တစ်အိတ် ကျပ်ငါးထောင်ခန့် ကုန်ကျကြောင်း သိရသည်။ သို့သော် အခွန်ရာခိုင်နှုန်းဖြင့်တွက်ချက်လျှင် လာအိုနိုင်ငံမှတစ်ဆင့် တင်ပို့မှုက ကုန်သည်များအတွက် များစွာတွက်ချေကိုက်ကြောင်းသိရသည်။ "လာအိုဘက်ကတင်ပို့တာမှ တင်ပို့စရိတ်ပိုပေမယ့် အခွန်ကအတော်လေးကွာပါတယ်။ အဲဒီအတွက် ကျွန်တော်တို့တင်ပို့သူတွေ အဆင်ပြေတယ်လို့ပြောရမယ်။ အခုလိုတစ်ဆင့်ခံ တင်ပို့ရတာဖြစ်တဲ့အတွက် ကုန်သည်တွေအတွက်လည်း အမြတ်အစွန်းနည်းသလို၊ နိုင်ငံတော်အနေနဲ့ အခွန်ရရှိမှုပိုင်းမှာလည်း ထိခိုက်နေပါတယ်။ ဒီအတွက် နိုင်ငံတော်ပိုင်းကလူတွေအနေနဲ့ တစ်ခုခုစဉ်းစားလုပ်ဆောင်ပေးစေလိုပါတယ်" ဟု ဆန်ကုန်သည် ဦးတင့်ဇော်ကပြောသည်။

အခုလို ဆန်တင်ပို့မှုတွင် ကြုံတွေ့နေရသည့် အခြေအနေများကြောင့် ဆန်ကုန်သည်များအနေဖြင့် ဆန်ပမာဏများများ တင်ပို့လိုခြင်းမရှိတော့ဘဲ အလုပ်ဖြစ်ရုံသာ တင်ပို့နေကြခြင်းကြောင့် ပြည်ပဆန်တင်ပို့မှုလည်း လွန်စွာနှေး ကွေးလျက်ရှိကြောင်း ကုန်သည်များထံမှသိရသည်။ "တရုတ်နိုင်ငံက မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့တဲ့ပုံစံမျိုး လုပ်နေတာပါ၊ သူတို့ဆီက ဆန်ကို လိုအပ်ချက်ရှိတယ်ဆိုတာသိတယ်၊ ဒါပေမယ့် အခုလိုလုပ်နေတာက တရားမဝင်လမ်းကြောင်းကဆိုရင် အကုန်လုံးကို ယူနေတာပဲ၊ နေ့စဉ် ဆန်အပါဝင် ဖရဲ၊ သခွားနဲ့ အခြားသီးနှံတွေကို သယ်ယူနေတဲ့ကားတွေဆိုတာ ကျွန်တော်တို့ မမြင်ခြင်မှ အဆုံးပဲ၊ ဒါမျိုးတွေကို ကျွန်တော်တို့အနေနဲ့ ဘာမှမလုပ်နိုင်ပါဘူး၊ သက်ဆိုင်ရာအနေနဲ့ပဲ လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်" ဟု မန္တလေးဆန်ကုန်စည်ဒိုင်၊ ဒုဥက္ကဋ္ဌ ဦးတင့်ဇော်ကပြောသည်။ ဒ့ါအပြင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ် အစိုးရတို့ အကြား နှစ်နိုင်ငံဆန်တင်ပို့မှုပြုလုပ်ရန်အတွက် နားလည်မှုစာချွန်လွှာ ရေးထိုးထားသော်လည်း တရုတ်နိုင်ငံဘက်မှ ကုမ္ပဏီ တစ်ခုတည်းဖြင့်သာ စာချုပ်ချုပ်ဆို ထားသည့်ပုံစံမျိုးဖြစ်နေသဖြင့် ပြည်တွင်းဆန်တင်ပို့သူများမှာ ဈေးနှိမ်ခံရခြင်းနှင့် ငွေကြေးပိုင်းဆိုင်ရာ အခက်အခဲများကိုလည်း ကြုံတွေ့နေရကြောင်းသိရသည်။ ယခင်နှစ်များတွင် မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တစ်လလျှင် ဆန်တန်ချိန်သုံးသိန်းခွဲခန့်အထိ တင်ပို့ခဲ့သော်လည်း ယခုနှစ်တွင်မူ တန်ချိန်နှစ်သိန်းအောက်သာ တင်ပို့နေရကြောင်းလည်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ စာရင်းများအရသိရသည်။

**Source:** http://www.mizzimaburmese.com/article/63889

## မြန်မာ့ပြောင်းဆန်များအား ထိုင်းနိုင်ငံက ပထမဆုံးအကြိမ် MoU ရေးထိုး၍ဝယ်ယူရန် သဘောတူထား

မြန်မာ့ပြောင်းဆန်တွေကို ထိုင်းနိုင်ငံက ပထမဆုံးအကြိမ်အနေနဲ့ တစ်နှစ်ပတ်လုံး MoU လက်မှတ်ရေးထိုးပြီး ဝယ်ယူသွားဖို့ရှိတယ်လို့ မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းထံကသိရပါတယ်။မြန်မာ့ပြောင်းဆန်တွေကို ပြည်တွင်း သုံးစွဲမှုတစ်ဝက်ရှိပြီး ပြည်ပပို့ရာမှာ တရုတ်ကိုအများဆုံးတင်ပို့နေတာပါ။ တရုတ်နိုင်ငံက ဝယ်ယူမှုပုံမှန်မရှိတဲ့ အခြေအနေ မှာ ထိုင်းနိုင်ငံက ပထမဆုံးအနေနဲ့ MoU ရေးထိုးပြီး ဝယ်ယူဖို့သဘောတူထားပြီး ဒီဇင်ဘာလ တတိယပတ် မှာ လက်မှတ်ရေးထိုးသွားမယ်လို့ အသင်းရဲ့အတွင်းရေးမှူး ဦးသန့်ဇင်ထွန်းကပြောပါတယ်။ သူက "ထိုင်းနိုင်ငံ ကို ဒီနှစ်အစောပိုင်းက ရောင်းခဲ့သေးတယ်၊ သူတို့မူဝါဒအရ ငါးလတာ ဝယ်ယူမှုရပ်ဆိုင်းတယ်၊ အဲဒါပြီးတဲ့ နောက်မှာ ထိုင်းနိုင်ငံ Private Warehouse Organization (PWO) အဖွဲ့က ပြီးခဲ့တဲ့ နိုဝင်ဘာလက စီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးရုံးမှာတွေ့ပြီး မြန်မာပြောင်းဆန်တွေကို တစ်နှစ်ပတ်လုံး မြဝတီနယ်စပ်ဂိတ်ကနေ တရားဝင်ရောင်းချနိုင်ဖို့ သဘောတူခဲ့တယ်"လို့ ပြောပါတယ်။ ထိုင်းကို ပြောင်းဆန်ရောင်းချဖို့အတွက် စာချုပ်ချုပ်ရာမှာ စာချုပ်တစ်ခုကို ထိုင်းဘတ်နှစ်သန်းကျော်ဖိုးဝယ်ယူဖို့ ပါဝင်တယ်လို့သိရပါတယ်။

မြန်မာနိုင်ငံမှာ ပြောင်းဆန်ထွက်ရှိမှုအနေနဲ့ တစ်နှစ်ကို တန်ချိန် ၁၁ သန်းခန့် ထွက်ရှိပြီး တစ်ဝက် ကို ပြည်တွင်းသုံးစွဲပြီး ကျန်တစ်ဝက်ရဲ့ လေးပုံသုံးပုံခန့်က တရုတ်ကိုရောင်းချရတယ်လို့သိရပါတယ်။ လက်ရှိ မှာ တရုတ်နိုင်ငံက မြန်မာ့ ပြောင်းဆန်ဝယ်ယူမှုက တည်ငြိမ်မှုမရှိသေးဘဲ ပြီးခဲ့တဲ့ နိုဝင်ဘာလကုန်ပိုင်းက ထွက်ရှိတဲ့ ကိုတာ မှာ ပြောင်းဆန်ဝယ်ယူဖို့ ပါဝင်လာတာကြောင့် မူဆယ်ကုန်သွယ်ရေးဇုန်ကနေ အနည်းငယ်တင်ပို့နေရတယ်လို့ သိရ ပါတယ်။

**Source:** https://www.kumudranews.com/news-36288?fbclid=IwAR1QVd7W2Up RQFRwEN16wiiWsZzvzLVvs3KvP3uhlfYpxO4XCpa4G-pQYns

## ဂျုံပင်ကနေ ထုတ်ထားပြီး ဝါးစားလို့ရတဲ့ခွက်ကို တောင်အာဖရိက ကုမ္ပဏီတီထွင်








အစားအသောက်ထုပ်ပိုးရာမှာ ဖောဖောသီသီအသုံးပြုနေတဲ့ ပလတ်စတစ်အိတ်တွေကြောင့် ကမ္ဘာပေါ်က နေရာတွေနဲ့ သမုဒ္ဒရာတွေမှာ ညစ်ညမ်းမှုတွေဖြစ်လာပါတယ်။ အထူးသဖြင့် ပလတ်စတစ်နဲ့ Polystyrene လုပ်ထားတဲ့ စွန့်ပစ်ပစ္စည်းတွေဟာ ပုပ်သိုးဆွေးမြည့်သွားဖို့ ရာစုနှစ်ပေါင်းများစွာ အချိန်ယူရပါတယ်။ ဒါကြောင့် အစားအသောက်ထည့်တဲ့ ဟင်းခွက် ပန်းကန်တွေနေရာမှာ အရသာရှိပြီး စားလို့လည်းရတဲ့ခွက်တွေနဲ့ အစားထိုးနိုင်အောင်တီထွင်လိုက်ပါတယ်။ တောင်အာဖရိကနိုင်ငံက Startup ကုမ္ပဏီတခုဖြစ်တဲ့ Much Bowls ဟာ ဂျုံပင်ကနေပြုလုပ်ထားတဲ့ စားလို့ရတဲ့ခွက်တွေကို မိတ်ဆက်ပေးလိုက်ပါပြီ။ အသီးအရွက်ကနေ ထုတ်ယူပြုလုပ်ထားတာဖြစ်လို့ သက်သတ်လွတ်စားသုံးသူတွေပါ အသုံးပြုနိုင်ပါတယ်။ နောက်ထပ်အားသာချက်ကတော့ စားလို့ပါရတဲ့ခွက်တွေဟာ ဟင်းရည်ပူထည့်ထားမယ်ဆိုရင် ၅ နာရီထိ ထည့်ထားနိုင်ပြီး သူ့သက်တမ်းကတော့ အသုံးမပြုရသေးတဲ့ ခွက်တခုက ၁၅ လလောက်အထားခံပါတယ်။ Much Bowls ကုမ္ပဏီရဲ့ အဓိကရည်ရွယ်ချက်ကတော့ ပျော်ပွဲစားထွက်မယ့်သူတွေ၊ ပါတီနဲ့ Event ပွဲတွေအတွက်ရည်ရွယ်ပါတယ်။ လက်ရှိမှာတော့ စားလို့ရတဲ့ခွက်တွေကို တောင်အာဖရိက၊ ဘယ်လ်ဂျီယံ၊ စင်ကာပူနဲ့ဒူဘိုင်းက ဟိုတယ်တွေမှာ စတင်အသုံးပြုနေပြီလို့ ဆိုပါတယ်။ စတင်ထုတ်လုပ်ခါစမှာတော့ ပစ္စည်းတွေကို လက်နဲ့ပဲလုပ်ကြပြီး နောက်ပိုင်း ဝယ်လိုအားများလာတာကြောင့် ၁ နာရီကို ခွက်အလုံး ၅၀၀ လုပ်နိုင်တဲ့ စက်တွေနဲ့အစားထိုးခဲ့ရပါတယ်။

ကုလသမဂ္ဂရဲ့ထုတ်ပြန်ချက်အရ နှစ်စဉ် ပလတ်စတစ်စွန့်ပစ်တန်ချိန် သန်း ၃၀၀ လောက်ရှိတာကြောင့် ကမ္ဘာ့ လူဦးရေ အလေးချိန်နဲ့ညီမျှပြီး အဲ့ထဲကမှ ၁၄ ရာခိုင်နှုန်းလောက်ပဲ ပြန်လည်သုံးစွဲမှုရှိခဲ့ပါတယ်။ Much Bowls က ရောင်းချတဲ့ ခွက် ၁ လုံးကို အမေရိကန်ဒေါ်လာ ၃၃ ဆင့်ရှိတာကြောင့် ပုံမှန်သုံးနေကျ ပလတ်စတစ်အိတ်တွေထက် ဈေးကြီးတယ်ဆိုပေမယ့် သဘာဝဂျုံပင်ကနေ ထုတ်လုပ်ထားလို့ ပလတ်စတစ်လျှော့ချရေး အစားထိုးသုံးနိုင်တဲ့အပြင် ကျန်းမာရေးအတွက်လည်း သင့်တော်တယ်လို့ Much Bowls တည်ထောင်သူ Georgina de Kock က ဆိုပါတယ်။ “အရင်က ပန်းကန်ပေါ်တင်လို့ရတဲ့ အစားအသောက်မှန်သမျှ ကျမတို့ထုတ်ထားတဲ့ စားလို့ရတဲ့ခွက်ပေါ်တင်လို့ရပါတယ်။ အရွယ်အစားကလည်း လက်တကိုင်စာ အတော်ပါပဲ။ ရှင်တို့အရင်က Taco စားသလိုပေါ့။ Taco ပေါ် တင်ထားတဲ့ အစားအသောက်တွေအပြင် သူ့ကိုပါ ဝါးစားလို့ရတယ်လေ။ ကျမတို့ Much Bowls က ထုတ်တဲ့ခွက်ကလည်း ဒီသဘောအတိုင်းပါပဲ” လို့ de Kock က ဆိုပါတယ်။ နောက်ပိုင်းမှာတော့ အစားအသောက်ထည့်တဲ့ ခွက်တွေတင်မကဘဲ ဇွန်းတွေ၊ ကော်ဖီခွက်တွေနဲ့ လေယာဉ်ပေါ်မှာ ကျွေးလေ့ရှိတဲ့ ထမင်းဘူးလို ဘူးတွေပါထုတ်သွားဖို့ရှိပါတယ်။ နောက်ပိုင်းမှာ Much Bowls လို စားလို့ရတဲ့ခွက်တွေ ထုတ်လုပ်လာတဲ့ လုပ်ငန်းတွေ များလာပေမယ့် သူကတော့ တောင်အာဖရိကအခြေစိုက် ပထမဆုံး စတင်ခဲ့တဲ့ ကုမ္ပဏီပါလို့ de Kock က ဆိုပါတယ်။

**Source:** https://burma.irrawaddy.com/lifestyle/trend/2019/12/07/210123.html

## ထိုင်းအခြေစိုက် မက်ခရိုစူပါမားကက် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမည်




ထိုင်းနိုင်ငံတွင် မက်ခရို(Makro) အမည်ဖြင့် စူပါမားကက်ကြီးများ ဖွင့်လှစ်ထားသည့် လက်လီလက်ကားကုမ္ပဏီသည် မြန်မာနိုင်ငံ၏ စားသုံးသူဈေးကွက်တွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန် ရှိကြောင်း အဆိုပါကုမ္ပဏီမှသိရသည်။ မက်ခရို(မြန်မာ)အုပ်စုသည် ပြီးခဲ့သည့် နိုဝင်ဘာ ၂၈ရက်က ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI) တွင် ဒေသတွင်းရှိ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့သေးသည်။ ထိုင်းနိုင်ငံတဝှမ်း မီးဖိုချောင်သုံးပစ္စည်းနှင့် စားသောက်ကုန်မှအစ လူသုံးကုန်ပစ္စည်းမျိုးစုံကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချဖြန့်ချိပေးနေသည့် မက်ခရိုကုမ္ပဏီသည် မြန်မာနိုင်ငံတွင် သူ၏ပထမဆုံး စူပါမားကက်ဆိုင်ခွဲကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်းမှတ်တိုင်အနီးတွင် ဖွင့်လှစ်ရန်ပြင်ဆင်နေပြီး လာမည့်နှစ် ပထမ ၃ လပတ်ကာလအတွင်း ဖွင့်လှစ်နိုင်မည်ဟုသိရသည်။

မက်ခရိုကုမ္ပဏီသည် မြန်မာနိုင်ငံတွင် ARO Commercial ကုမ္ပဏီအနေဖြင့် အရောင်းစင်တာ ဆိုင်ခွဲများတည်ဆောက်ခြင်း၊ ရပ်ရွာဒေသတွင်းမှ လက်လီစီးပွားရေးလုပ်ငန်းများကို ထောက်ပံ့ကူညီပေးခြင်း၊ ပြည်တွင်းစားသုံးသူများ၏ လိုအပ်ချက်နှင့် ကိုက်ညီစေရန်အတွက် တစုတည်းထုတ်လုပ်ထောက်ပံ့ခြင်းနှင့် စိုက်ပျိုးရေးထွက်ကုန်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စိုက်ပျိုးရေးတောင်သူများနှင့်လည်း လက်တွဲအလုပ်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီ၏ ထုတ်ပြန်ချက်အရသိရသည်။ မြန်မာနိုင်ငံသည် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် မေလတွင် လက်လီလက်ကားလုပ်ငန်းများကို ရာခိုင်နှုန်းပြည့်နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံအပါအဝင် ပြည်တွင်းကုမ္ပဏီနှင့်နိုင်ငံခြားကုမ္ပဏီ ပေါင်းစပ်ထားသည့် ဖက်စပ်ကုမ္ပဏီများစတင်ခွင့်ပြုပေးခဲ့နောက်ပိုင်းတွင် ယင်းသို့ ကုမ္ပဏီများဝင်ရောက်လာခြင်းဖြစ်သည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမည်မဖော်လိုသူ အကြီးတန်းအရာရှိတဦးက " ဒီလိုနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဝင်လာတာ စားသုံးသူတွေအတွက် ရွေးချယ်စရာတွေများလာမယ်။ အရည်အသွေးရှိတဲ့ ပစ္စည်းတွေရလာမယ်။ ဒီလိုလုပ်ငန်းတွေနဲ့ ဆက်စပ်နေတဲ့ အသေးစားအလတ်စားကုမ္ပဏီတွေလည်း လိုက်ပြီးဖွံ့ဖြိုးတိုးတက်လာမယ်" ဟု ရှောဝတီသို့ပြောသည်။

အမေရိကန်အခြေစိုက် 7 Eleven ကုမ္ပဏီအပါအဝင် Convenience စတိုးလုပ်ငန်းလုပ်ကိုင်ရန် ကုမ္ပဏီများလာရောက်စုံစမ်းမှုများရှိသော်လည်း ပြည်တွင်းလုပ်ငန်းများ ကာကွယ်ပေးရန်အတွက် ယင်းသို့လုပ်ငန်းများကို နိုင်ငံခြားကုမ္ပဏီများကိုဖွင့်လှစ်ခွင့်မပြုသေးကြောင်း ၎င်းကဆိုသည်။ လက်ရှိအချိန်တွင် စူပါမားကတ်လုပ်ငန်းလုပ်ကိုင်ရန် ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် မက်ခရိုကုမ္ပဏီနှင့်ဖက်စပ်ကုမ္ပဏီအဖြစ် Pro 1 Global အမည်ဖြင့် ထိုင်း-မြန်မာ ပြည်တွင်းကုမ္ပဏီတစ်ခုကိုခွင့်ပြုထားကြောင်း၊ အလားတူ ဂျပန်ကုမ္ပဏီနှင့်ပြည်တွင်းကုမ္ပဏီတို့၏ ဖက်စပ်လုပ်ကိုင်နေသည့် Aeon Orange တို့ကို ခွင့်ပြုပေးထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။ "စားသုံးသူတွေဘက်ကကြည့်ရင်တော့ ပိုပြီး ရွေးချယ်စရာတွေကောင်းလာမယ်။ ဝန်ဆောင်မှုတွေ အပြိုင်အဆိုင ဖြစ်လာမယ့်အတွက် ဝန်ဆောင်မှုကောင်းကောင်းတွေ ရလာမယ်ပေါ့။ လုပ်ငန်းရှင်တွေဘက်မှာတော့ ယှဉ်ပြိုင်ရမယ့် အနေအထားရောက်လာမယ်။ အရင်ကလိုဈေးကွက်ကို တဦးတယောက်တစုထဲကပဲ ဦးဆောင်ပြီးလုပ်လို့မရတော့ဘူး" ဟု အမည်မဖော်လိုသူ လက်လီလုပ်ငန်းရှင်တဦးက ရှောဝတီသို့ပြောသည်။

အလားတူ ကုန်သည်/စက်မှုအသင်းချုပ် ဒုဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ပြည်တွင်းလုပ်ငန်းရှင်များကို တန်းတူအခွင့်အရေးပေးထားသည်ဆိုသော်လည်း အစိုးရပိုင်မြေနေရာများကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသာ ဦးစားပေးငှားရမ်းမှုများသည်မဖြစ်သင့်ကြောင်း ထောက်ပြသည်။ ထိုအပြင် "မက်ခရိုကတော့ လက်ကားစနစ်နဲ့ Supply Chain တခုလုံးကို လုပ်မယ့်ပုံစံလို့ ကြားတယ်။ ပြည်တွင်းလုပ်ငန်း ရှင်တွေကတော့ သူတို့နဲ့ ငွေကြေးအင်အား ရောအတွေ့အကြုံရော ဘယ်လိုမှတော့ယှဉ်ဖို့ သိပ်မလွယ်ဘူး"ဟု ပြောသည်။ နိုင်ငံခြားသားကုမ္ပဏီများ၊ ဖက်စပ်ကုမ္ပဏီများ

အနေဖြင့် ပြည်တွင်း၌ လက်လီ၊ လက်ကား အရောင်းဆိုင်များ ွင့်လှစ်ပါက အဝတ်အထည်၊ နာရီ၊ အလှကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အိမ်သုံးပစ္စည်းများ ါဝင်သည့် ဦးစားပေး ုန်ပစ္စည်း ၂၄ မျိုးကိုသာ ေါင်းချရန် ဝန်ကြီးဌာနက သတ်မှတ်ထားသည်။

လက်လီလက်ကားလုပ်ငန်း လုပ်ကိုင်ခွင့် ခွင့်ပြုချက်၌ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု ၈၀ ရာခိုင်နှုန်းမှ ရာနှုန်းပြည့်ပိုင်သော လုပ်ငန်းများသည် လက်လီလုပ်ငန်းလုပ်ကိုင်ပါက မြေငှားရမ်းခမပါဝင်ဘဲ အမေရိကန်ဒေါ်လာ ၃ သန်းနှင့်အထက် ရင်းနှီးမြှုပ်နှံရမည်ဖြစ်ကြောင်း၊ လက်ကားလုပ်ငန်းလုပ်ကိုင်ပါက အမေရိကန်ဒေါ်လာ ၅ သန်းနှင့်အထက် ရင်းနှီးမြှုပ်နှံရမည့်အပြင် စတုရန်းမီတာ ၉၃၀ အထက်ရှိသည့် စူပါမားကက်အကြီးစားများကိုသာ ဖွင့်ခွင့်ပြုမည်ဖြစ်ပြီး Convenience စတိုးဆိုင်လေးများကို ဖွင့်လှစ ခွင့်ပြုမည်မဟုတ်ကြောင်း အဆိုပါဝန်ကြီးဌာနထံမှသိရသည်

**Source:** https://burma.irrawaddy.com/business/2019/12/06/210047.html

## တရုတ်နိုင်ငံသို့ ငှက်ပျောနှင့်အခြားသီးနှံများ တရားဝင်တင်ပို့နိုင်ရန်ဆောင်ရွက်

တရုတ်နိုင်ငံသို့ ငှက်ပျောနှင့် အခြားသီးနှံများ တရားဝင်တင်ပို့နိုင်ရန်ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးကျော်သူ၏ ပြောပြချက်အရ သိရပါတယ်။ မြန်မာနိုင်ငံမှတရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ခွင့်ရရှိသော သီးနှံများဖြစ်တဲ့ လိုင်ချီး၊ မင်းကွတ်နှင့် ကြက်မောက်သီးတို့ကို နယ်စပ်ဂိတ်အားလုံးမှ တင်ပို့ခွင့်ပြုထားသော်လည်း အများဆုံးတင်ပို့နေသည့် ဖရဲ၊ သခွားမွှေး၊ သရက်နှင့် ဆီးသီးတို့ကို မူဆယ်-ရွှေလီနှင့် မိုင်းလား-တာလော့နယ်စပ်ဂိတ်နှစ်ခုမှသာ တင်ပို့ခွင့်ပြုထားခဲ့ရာ လတ်တလော တွင် ယင်းသီးနှံလေးမျိုးကို နယ်စပ်ဂိတ်အားလုံးမှ တင်ပို့ခွင့်ပြုလိုက်ပြီဖြစ်ကြောင်းသိရပါတယ်။

လတ်တလော တရားဝင်တင်ပို့ခွင့်ရရှိထားသည့် သီးနှံရှစ်မျိုးအပြင် ငှက်ပျော၊ ထောပတ်သီး၊ ကျွဲကောနှင့် နာနတ်တို့ကို တရားဝင်တင်ပို့နိုင်ရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်းသိရပါတယ်။ "အခြားသီးနှံတွေပါ တင်ပို့ခွင့်ရအောင် ညှိနှိုင်းနေတာ ကြာပါပြီ။ အခု ပထမဆုံး တရုတ်နိုင်ငံဘက်က ဒီသီးနှံလေးမျိုးကို ဘယ်နယ်စပ်ဂိတ်ကမဆို တင်သွင်းခွင့်ပြုလိုက်ပြီဆိုတဲ့စာ ထုတ်ပေးလာတယ်။ ဒီနှစ်ကနေစပြီး ဘယ်ဂိတ်ကမဆို တရားဝင်တင်ပို့ခွင့်ရပြီဖြစ်လို့ ခရီးစရိတ်တွေသက်သာသွားမှာပါ" ဟု ဦးကျော်သူက ပြောကြားခဲ့ပါတယ်။

ယခင်က ရှမ်းပြည်နယ်အပါအဝင် ကချင်ပြည်နယ်မှထွက်ရှိတဲ့ သီးနှံများကို မူဆယ်သို့ သယ်ယူပြီးမှသာ ပြည်ပသို့ တင်ပို့ခြင်းဖြစ်သောကြောင့် စရိတ်အကုန်အကျများခဲ့ကြောင်း၊ ထို့ပြင် တရားဝင်တင်ပို့ခွင့်မရရှိသေးချိန်က တစ်ဖက်မှ ဂိတ်များပိတ်လိုက်ပါက အခက်အခဲများရှိနိုင်မည်ဖြစ်ပြီး လတ်တလောတွင် တရားဝင်တင်ပို့နိုင်ပြီဖြစ်သည့်အတွက် ကုန်သွယ်ရေးပိုမိုတက်လာနိုင်ကြောင်းသိရပါတယ်။

**Source: Myawaddy**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2553-banana-and-other-crops-being-exported-to-china.html

## အိန္ဒိယနိုင်ငံတွင် ကုန်သည်လက်ဝယ်၌ ကြက်သွန်နီ သိုလှောင်ထားရှိနိုင်မှုပမာဏအား အစိုးရက လျှော့ချကန့်သတ်ခြင်း

ပြည်တွင်းလက်လီဈေးကွက်တွင် ကြက်သွန်နီဈေးနှုန်းများ တရိပ်ရိပ်မြင့်တက်လာခဲ့ရာ သိုလှောင်ဈေးကစားမှုများအား တားဆီးနိုင်ရန်အတွက် ကုန်သည်များလက်ဝယ်၌ သိုလှောင်ထားရှိနိုင်မည့် ကြက်သွန်နီပမာဏအား ကန့်သတ်ခြင်းကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလပထမပတ်အတွင်း၌ အိန္ဒိယအစိုးရကဆောင်ရွက်ခဲ့ပါသည်။ လက်လီရောင်းချသူများ၏ ကြက်သွန်နီ လက်ဝယ်ထားရှိနိုင်မှုပမာဏကို ၁၀ တန်မှ ၅ တန်သို့လည်းကောင်း၊ လက်ကားရောင်းချသူများ၏ သိုလှောင်နိုင်မှုကို တန် ၅၀ မှ ၂၅ တန်သို့လည်းကောင်း လျှော့ချသတ်မှတ်ခဲ့သည်။ သို့ရာတွင် ဈေးနှုန်းများဆက်လက်မြင့်တက်မှုရှိနေသဖြင့် လက်လီ

ရောင်းချသူများအနေဖြင့် ၎င်းတို့လက်ဝယ်တွင် ကြက်သွန်နီ ၂ တန်ထက် ပိုမိုသိုလှောင်ခြင်းမပြုရန် အိန္ဒိယစားသုံးသူရေးရာ ဝန်ကြီးဌာနမှ ဒီဇင်ဘာဒုတိယပတ်၌ ညွှန်ကြားချက် ထပ်မံထုတ်ပြန်ခဲ့သည်။

ယခုနှစ် မိုးရာသီကာလအတွင်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ကြက်သွန်စိုက် ခင်းများ ထိခိုက်ပျက်စီးမှုရှိပြီး ထုတ်လုပ်မှုလျော့ကျလျက် ရောင်းလိုအားနည်းပါးခြင်းက လွန်ခဲ့သော ၂ လတာအတွင်း ပြည်တွင်းဈေးကွက်၌ ကြက်သွန်နီ ဈေးနှုန်းမြင့်တက်မှုကိုဖြစ်ပေါ်စေခဲ့သည်။ အစိုးရ၏စာရင်းများအရ ၉.၁၂.၂၀၁၉ နေ့တွင် ကြက်သွန်နီ လက်လီအမြင့်ဆုံး ဈေးနှုန်းမှာ ၁ ကီလိုဂရမ်လျှင် ၁၆၅ ရူပီးရှိပြီး နိုင်ငံအတွင်း ပျမ်းမျှလက်လီဈေးနှုန်းမှာ ရူပီးငွေ ၁၀၀ ခန့်ရှိသည်။ အရည်အသွေး မြင့်သည့် ကြက်သွန်နီကို သုံးစွဲလေ့ရှိသော အိန္ဒိယနိုင်ငံတောင်ပိုင်း မဟာရတ္ထရပြည်နယ် Solapur မြို့တွင် ကြက်သွန်နီထိပ်စ လက်လီဈေးမှာ ၁ ကီလိုဂရမ်လျှင် ရူပီး ၂၀၀ အထိ ဈေးမြင့်တက်လျက်ရှိသည်။

ပြည်တွင်း၌ အဓိကစားသုံးကုန်တစ်ရပ်ဖြစ်သော ကြက်သွန်နီလိုအပ်ချက် မြင့်တက်နေမှု အပေါ် ပြည်ပမှ ကြက်သွန်နီ ၁ ဒသမ ၂ သိန်း တင်သွင်းဖြည့်ဆည်းနိုင်ရေး တင်ဒါခေါ်ယူဆောင်ရွက်ရန် အိန္ဒိယအစိုးရက နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းတစ်ခု ဖြစ်သော သတ္တုနှင့်တွင်းထွက်ပစ္စည်း ကုန်သွယ်ရေးကော်ပိုရေးရှင်း (MMTC) သို့ ညွှန်ကြားထားပါသည်။ လက်ရှိကာလတွင် တူရကီနှင့် အီဂျစ်နိုင်ငံတို့မှ ကြက်သွန်နီတန်ချိန် ၂၁၀၀၀ တင်သွင်းရန် စာချုပ်ချုပ်ဆိုထားရှိပြီးဖြစ် သည်။ Business Standard သတင်းဌာန၏ဖော်ပြချက်အရ တမီနာဒူးပြည်နယ် Tiruchi ဆိပ်ကမ်းမြို့၌ အီဂျစ်နိုင်ငံမှတင်ပို့သော ကြက်သွန်နီတန်ချိန် ၃၀ လက်ခံရရှိပြီး ဈေးကွက်သို့ဖြန့်ဖြူးခဲ့ရာ လက်လီဈေးနှုန်းအားဖြင့် ၁ ကီလိုလျှင် ရူပီး ၁၀၀ သို့ လျော့ချနိုင်ခဲ့ကြောင်းသိရှိရ သည်။ သို့ရာတွင် ပြည်ပမှတင်သွင်းလာမည့် ကြက်သွန်နီများမှာ ပြည်တွင်းဈေးကွက်အတွင်းသို့ ၂၀၂၀ ခုနှစ် ဇန်နဝါရီလ၊ လလယ်ပိုင်းခန့်မှသာ အပြည့်အဝရောက်ရှိ ဖြန့်ဖြူးနိုင်ဖွယ်ရှိပြီး အိန္ဒိယနိုင်ငံအတွင်း ကြက်သွန်နီလိုအပ်ချက်မှာ ဒီဇင်ဘာလ စတုတ္ထပတ်အထိ မြင့်တက်လျက်ရှိနေဦးမည်ဖြစ်ကြောင်း ကုန်သည်များကပြောဆိုလျက်ရှိသည်။

စီးပွားရေးသံမှူး-နယူးဒေလီမြို့

Source: 1. Govt further caps stock limit on onion retailers to 2 tons to check hoarding, 9 Dec 2019, Economic Times

2. The tear-jerker: Onion prices cross Rs 200/kg, 7 Dec 2019, Economic Times

3. Government orders import of 4000 tonnes onions, 4 Dec 2019, Economic Times

4. Onion prices come down in Tamil Nadu after 30 tonnes import from Egypt, 10 Dec 2019, Business Standard

## ဆောင်းရာသီ နိုင်ငံတကာပြပွဲသို့ မြန်မာသံရုံးပါဝင်ဆင်နွှဲ







International Trade Center နှင့် TCMA တို့မှ ကြီးမှူးကျင်းပသည့် (၈) ကြိမ်မြောက် နိုင်ငံတကာသံရုံးများ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုနှင့် နိုင်ငံအလိုက် ထုတ်ကုန်/ ထွက်ကုန်များကို ပြသသည့် ဆောင်းရာသီပြပွဲ "8th Annual Embassy Showcase: Winternational" ကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့က အမေရိကန်နိုင်ငံ၊ ဝါရှင်တန်မြို့ရှိ Ronald Reagan Building ၌ ကျင်းပပြီးခဲ့ပြီး၊ အဆိုပါပြပွဲသို့ ဝါရှင်တန်မြို့၊ မြန်မာသံရုံး အပါ အဝင် နိုင်ငံခြားသံရုံး (၆၀) ရုံးမှ ပါဝင်ပြသခဲ့ကြပါသည်။

မြန်မာသံရုံးပြခန်း၌ ခရီးသွားလုပ်ငန်းနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုပစ္စည်းများ၊ မြန်မာနိုင်ငံ၏ အသေးစားနှင့်အလတ်စား စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းများဖြစ်ကြသော ထန်းရွာ(Toddy Palm Village)၊ Nature Myanmar ၊ JUMJEL ၊ Genius Coffee (အောင်နေလင်းထွန်းကုမ္ပဏီ) နှင့် Burmese Treasure လုပ်ငန်းတို့မှ ထန်းအခြေခံစားသောက်ကုန်များ(ထန်းသကြား၊ ဂျင်းထန်းလျက်မှုန့်၊ ထန်းလျက်၊ ပဲချောင်း၊ ထန်းသီးယို) ၊ ကွမ်းသီးဖတ်ဖြင့်ပြုလုပ်ထားသည့် ပလတ်စတစ် အစားထိုး ပန်းကန်များ၊ အညာဒေသထွက်ကုန်များဖြစ်သော သဘာဝဖီးဖျော်ရည်၊ မန်ကျည်းဖျော်ရည်၊ ရှမ်းပြည်နယ်မှ ကော်ဖီတို့ကို ပြသခဲ့ပါသည်။ ဝါရှင်တန်မြို့၊ မြန်မာသံရုံးအနေဖြင့် နှစ်စဉ်ကျင်းပသည့် ဆောင်းရာသီပြပွဲသို့ ဒုတိယအကြိမ် ပါဝင်ပြသခဲ့ခြင်း ဖြစ်ပြီး၊ ယခုနှစ်ပြပွဲအား " Women Empowerment, Farmers to Markets & Environmental-Friendly-business" ခေါင်းစဉ်ဖြင့် ပါဝင်ပြသခဲ့ပြီး၊ မြန်မာ့ထုတ်ကုန်များအပေါ် စိတ်ဝင်စားမှုများပြားခဲ့ကာ စီးပွားရေးအချိတ်အဆက်များလည်း ရရှိခဲ့ပါသည်။

**Source:** စီးပွားရေးသံမှူး-ဝါရှင်တန်

## ဖိလစ်ပိုင် ဒါဗာအိုမြို့တွင် တရုတ်သစ်သီးကုမ္ပဏီ ပီဆို တစ်ဘီလီယံရင်းနှီးမြှုပ်နှံမည်



ဖိလစ်ပိုင်နိုင်ငံ ဒါဗာအိုမြို့တွင် တရုတ်သစ်သီး ကုမ္ပဏီတစ်ခုက ဖိလစ်ပိုင်ပီဆိုငွေ တစ်ဘီလီယံ ရင်းနှီး မြှုပ်နှံရန် စီစဉ်လျက်ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံထုတ် Minda News သတင်းဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ တရုတ်နိုင်ငံ ချုံကင်းပြည်နယ်အခြေစိုက် Hongjiu Fruits ကုမ္ပဏီက ဖိလစ်ပိုင်နိုင်ငံ ဒါဗာအိုမြို့တွင် အစပိုင်းတွင် ငှက်ပျောသီး၊ ဒူးရင်းနှင့် အခြားဒေသထွက်သစ်သီးများကို တင်သွင်းမည်ဖြစ်ပြီး ပိုလျှံသည့်သစ်သီးများအတွက် ကုန်ထုတ်လုပ်မှုစက်ရုံတစ်ရုံ တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ဒါဗာအိုမြို့ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစင်တာ၏ အကြီးအကဲ ခရစ်ရှန်ကမ်ဘာယာကပြောကြားသည်။

တရုတ် Hongjiu Fruits ကုမ္ပဏီနှင့် ဖိလစ်ပိုင် Jenson Agriline Corporation ကုမ္ပဏီတို့ဆွေးနွေးလျက် ရှိကြောင်း ဒါဗာအိုမြို့ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစင်တာ၏ နည်းပညာပိုင်းဆိုင်ရာအကြံပေး မာတီရီဂစ်ကပြောကြားသည်။ ဒါဗာအိုမြို့ ဒု-မြို့တော်ဝန် ဆီဘာစတီရန်ဒူတာတေး ပြီးခဲ့သည့်လက တရုတ်သို့သုံးရက်ကြာအလည်အပတ်သွားရောက်စဉ်က နှစ်ဖက် သဘောတူညီချက်လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်းလည်း ၎င်းကဆိုသည်။ ထို့ပြင် ဒါဗာအိုမြို့နှင့် ချုံကင်းမြို့ နှစ်မြို့ကို မောင်နှမမြို့ဖြစ်လာစေမည့် MOU ကိုလည်း ဒါဗာအိုဒု-မြို့တော်ဝန်က လက်မှတ်ရေးထိုးထားပြီး မောင်နှမမြို့ သဘော တူညီချက်ကြောင့် နှစ်ဖက်ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ခရီးသွားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါသတင်းတွင်ဖော်ပြထားသည်။

**Source:** https://www.facebook.com/LivingColorMediaCoLtd/?ref=page_internal

# STOCK EXCHANGE (9.12.2019)

YANGON
STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 9th Dec. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +0 | +0.00% | 11,500 | 11,500 | 11,500 | 1,799 | 20,688,500 | 27,112,747 | 311,797 |
| MTSH | 00002 | 3,850 | -50 | -1.28% | 3,900 | 3,900 | 3,850 | 7,290 | 28,121,650 | 38,929,150 | 149,877 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 18 | 149,400 | 10,400,986 | 86,328 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,000 | 23,000 | 2 | 46,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 0 | 0 | 12,823,224 | 37,187 |

## Market summary

As of 9th Dec. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 468.88 | -1.42 | -0.30% | 470.30 | 470.30 | 468.88 | 9,109 | 49,005,550 | 5 | 642,046 |

### Index chart




## Market Overview

As of 1:00 pm, 9th Dec. 2019

| MYANPIX | 468.88 ▼ 1.42 |
|---|---|
| Total Volume (shares) | 9,109 |
| Total Value (MMK) | 49 mil |
| Listed Company | 5 |
| Market Cap. (MMK) | 642,046 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 0 |
| MTSH | 00002 | 3,850 | ▼ 50 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 2,900 | ▲ 0 |